
မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 13 / Issue 6 / June /2020





## JUNE 2020

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | | | | |

**June 7- 2020 ... Holy Communion Service**

**June 21- 2020 ... Father's Day Service**



# ခရစ်တော်၏သံတမန်

သခင်ယေရှုခရစ်တော်၏လုပ်ဆောင်မှုနှင့် ကားတိုင်မှကယ်တင်ခြင်းအမှုတော်မြတ်သည် လူသားတစ်ဦးချင်း၏အသက်တာကို ပြောင်းလဲပေးနိုင်သည်။ လူတိုင်း၏နှလုံးသားထဲသို့ထိုးဖေါက်ဝင်ရောက်နိုင်စွမ်းရှိသည်။

ကယ်တင်ခြင်း ဧဝံဂေလိသတင်းသည် ထာဝရအသက်နှင့်ဆိုင်သော အံ့သြဘွယ်ရာသတင်းကောင်း ဖြစ်၍ တန်ခိုးနှင့်ပြည့်စုံသည်။ သို့ဖြစ်၍ အခြားးသူများ၊ ချစ်ခင်ရသူများ၊ ပျက်စီးခြင်းသို့ မရောက်ရန် ဘုရားသခင်စေခိုင်းသော သက်သေခံခြင်းအမှု၌ ခရစ်တော်၏ ကိုယ်စားဟောပြောကြရ၏။

'ငါတို့သည် ခရစ်တော်၏သံတမန် ဖြစ်ကြ၏။' (၂ကော၊ ၅း၂၀/2Cor 5:20)

ပင်တေကုတ္တေပွဲနေ့မှစ၍၊ တပည့်တော်များ ဟောပြောသက်သေခံကြ၏။ ရက်များမကြာမှီမှာ သူတို့ အဖမ်းခံရသည်။ သခင်ခရစ်တော်အကြောင်းကို ဟောပြောသဖြင့်၊ သူတို့ကို ရိုက်နှက်လေလေ၊ သတ်ဘို့ ချိန်းခြောက်လေလေ၊ –

"ငါတို့သည် ကြားလျက်၊ မြင်လျက်ရှိသောအရာတို့ကို မဟောမပြောဘဲမနေနိုင်" ဟုဆိုကြ၏။ (တ၊၄း၂၀/Acts 4:20)

ဘယ်လိုဖြစ်ပါသလဲ။ ရုတ်တရက် ဘယ်လိုကြောင့် ပြောင်းလဲမှု ဖြစ်လာပါသလဲ။

နှစ်ခြင်းဆရာယောဟန်သည် ရေ၌ဗတ္တိဇံကိုပေး၏။

သင်တို့သည် မကြာမမြင့်မှီ သန့်ရှင်းသော ဝိညာဉ်တော်၌ဗတ္တိဇံကို ခံရကြလိမ့်မည် ဆိုသော ခမည်းတော်၏ဂတိတော်ကို သူတို့ ခံရ၍၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးဖြင့် ပြောင်းလဲလာကြ၏။

တပည့်တော်များက သူတို့သခင်ဘုရား ယေရှုခရစ်တော် အသက်ရှင်လျက် ရှိသည်ကို ယုံကြည်သည်။ သူတို့ကိုယ်တိုင် မျက်စိဖြင့် မြင်တွေ့ရပြီး၊ ခရစ်တော်ဘုရားနဲ့ အတူစကားပြော၊ အတူစားသောက်ခဲ့ကြရလို့ ပိုပြီး အားရပါးရ သက်သေခံနိုင်ကြသည်။

ထို့ကြောင့်၊ တပည့်တော်များ သွား၍ ဟောပြောသက်သေခံသည့် မြို့ရွာတိုင်းက လူပေါင်း မြောက်များစွာ သခင်ခရစ်တော်ကို ယုံကြည်လက်ခံကြသည်။

ခရစ်တော်က၊ "ငါ၏အမှုကို ဆောင်ရွက်သောသူဖြစ်လျှင် ထိုသူကို ခမည်းတော်သည် ချီးမြောက်တော်မူလတံ့။"

ခမည်းတော်ကလည်း "ငါချီးမြှောက်ခဲ့ပြီ၊ တဖန်ချီးမြှောက်ဦးမည်" ဟုဆိုထား၏။ (ယော၊၁၂း၂၆–၂၈/သုညာ၁၂၂၆–၂၈)

တမန်တော်များတို့သည် မိမိတို့၏သခင် ယေရှုခရစ်တော် အသက်အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်တော်မူခြင်း တို့ကို အခြေပြု၍ " ထာဝစဉ်အသက်တော်ရှင်လျက်ရှိ၏ "ဆိုတဲ့ အံ့သြဘွယ်သောသတင်းကို ဟောပြောသက်သေခံကာ၊ ဤလောကရှိ ပျောက်ဆုံးဝိညာဉ်များ ကယ်တင်ခြင်းအမှုတော်ကို သန့်ရှင်းသောဝိညာဉ်တော်တန်ခိုး အားဖြင့် ရဲရင့်စွာ လုပ်ဆောင်ခဲ့ကြသည်။

ယခုတွင်၊ ထိုတမန်တော်များကဲ့သို့ ပျောက်ဆုံးဝိညာဉ်များအပေါ်မေတ္တာပြလျက် ပါဝင်ဆောင်ရွက်ပါရန် ကျွန်ုပ်တို့ကို ဘုရားသခင်၏သံတမန်များ အဖြစ် ကျေးဇူးတော်၌ သခင်ယေရှု ဖိတ်ခေါ်နေပါသည်။

ဝမ်းမြောက်ဖွယ်ရာ ဧဝံဂေလိတရား စကား မကြားရပါက၊ လူများအပေါင်း တို့သည် ကိုယ်တော်ရှင်ကို အဘယ်သို့ယုံကြည်နိုင်မည်နည်း။ သို့ဖြစ်၍၊ နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ သတင်းကောင်း စကားကို ဝေငှကြပါ။ ကြေငြာပါ။ ဟောပြောကြပါ။ အသက်ရှင်လျက် ရှိတော်မူသော ဘုရားသခင်၏သားတော် ယေရှုခရစ်တော်ကို ယုံကြည်လျှင် အမှန်ပင် ကယ်တင်ခြင်းရနိုင်ကြောင်းကို ခွန်အားပေးစကားများဖြင့် သက်သေခံကြပါ။

**တာဝန်ထမ်းဆောင်ဖို့ရန် သွန်သင်တော်မူပါ .. ကိုယ်တော်ရှင်စေခံရာ လောကနယ်မှာ၊**
**ပါဝင်ရောယှက်ကာ စည်မြဲကြိုးစား၍သာ .. လူကိုကယ်အံ့ငှာ၊ အိုသုံးတော်မူပါ။**

များသောအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ဘုရား လက်ဝါးကပ်တိုင်ပေါ် အသတ်ခံရချိန်၌ တပည့်တော်များ ကြောက်၍ ပုန်းရှောင်နေ သကဲ့သို့ ကျွန်ုပ်တို့လည်း ဧဝံဂေလိတရားတော်ကို ဟောပြောဘို့ ကြောက်ရွံ့နေသလိုလို၊ စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်သလိုလို၊ ထို့အပြင် အခြားသူများ မိမိကို အထင်အမြင်လွဲမှာကို စိုးရိမ်နေတတ်ကြ၏။ ဤသို့ စိတ်ထဲကမရဲမဝံ့နှင့် မသေချာတဲ့အခါမျိုးမှာ သခင်ခရစ်တော်နဲ့ မိတ်သဟာယဖွဲ့ နိုင်ပါက၊ ခွန်အားရရှိလာမှာ သေချာပါသည်။

သခင်ခရစ်တော်က–

**ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။**
**ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ (ယော၊ ၁၁း၂၅/ John11:25)**
**ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိတော်မူမည်။"**
**(မဿဲ၊၂၈း၂၀/ Mt 28:20)**

**ခမည်းတော်သည် သမ္မာတရားကိုပြသောဝိညာဉ်တော် တည်းဟူသော**
**တပါးသောဥပဇ္ဈာယ်ဆရာကို**
**သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်။ (ယော၊ ၁၄း၁၆/ John14:16)**

ထိုဂတိတော်များအားဖြင့် ကျွန်ုပ်တို့ လူသားများကို အာမခံချက် ပေးထား၏။
ထို့ကြောင့်၊ အားယူ၍ ရဲရင့်ခြင်းရှိလော့၊ မကြောက်နှင့်၊ စိတ်မပျက်နှင့်။
ဘုရားသခင် ထာဝရဘုရားသည် ကျွန်ုပ်တို့ သက်သေခံ ဟောပြောရာ၌ အတူရှိတော်မူမည်။

ငါတို့သည် ခရစ်တော်နှင့်အတူအောင်ပွဲကို အစဉ်ခံစေခြင်းငှါရင်း၊ ထိုသခင်ကို သိခြင်း၏ အမွှေးအကြိုင်သည် ငါတို့အားဖြင့် အရပ်ရပ်တို့၌ နံ့ပြားစေခြင်းငှါရင်း၊ ပြုတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်း ရှိစေသတည်း။ .. အာမင်း။

# __ လူမျိုးတကာတို့အပေါ်သို့ ငါ့ဝိညာဉ်တော်ကို သွန်းလောင်းမည် __

တ၊၂း၁၇၊ ယောလ။၂း၂၈/Acts 2:17, Joel 2:28

သခင်ယေရှုသည် အထက်ကောင်းကင်ဘုံသို့ ဆောင်ယူခြင်းမခံမီ၊ တပည့်တော်တို့အား **"သင်တို့အပေါ်သို့ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကို ခံရ၍ ယေရုရှလင်မြို့ မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်း တိုင်အောင် ငါ၏ သက်သေ ဖြစ်ကြလိမ့်မည်"**ဟု မိန့်တော်မူပြီး၊ အောက်ပါအချက်တို့ကို ပြောကြားခဲ့၏။

- **ခရစ်တော်၏ဟောပြောချက် – ဘုရားသခင်၏နိုင်ငံတော်နှင့်စပ်ဆိုင်သောအရာ၊ (တ၊၁း၃/Acts 1:3)**
- **ခရစ်တော်၏မှာကြားချက် – ယေရုရှလင်မြို့၌ 'ခမည်းတော်၏ဂတိ' ကို စောင့်မျှော်နေကြရန်၊ (တ၊၁း၄/Acts 1:4)**
- **ခမည်းတော်၏ဂတိတော် – သင်တို့သည် မကြာမီ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကို ခံရမည်။ (တ၊၁း၅/Acts 1:5)**
- **ခမည်းတော်၏ပညတ်တော် – ထာဝရအသက် ဖြစ်၏။ (ယော၊၁၂း၄၉/John 12:49)**

**သခင်ယေရှုက**
- **ငါသည် ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှတို့ကို ငါခံရပြီ။**
- **ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိမည်။**

ဟု တမန်တော်တို့ကို အားပေး၍၊ လောကသားအပေါင်း တို့ကို ဝမ်းမြောက်ဖွယ်သိတင်းကို ဟောပြောသက်သေခံရန် တာဝန်ပေးအပ်တော်မူ၏။

**ပေးအပ်သောတာဝန် –**
- **ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။**
- **ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ (မ၊၂၈း၁၉–၂၀ ။ မာ၊၁၆း၁၅)**
- **လောကီနိုင်ငံအရပ်ရပ်ရှိ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိ တရားကို ဟောကြလော့။**

တပည့်တော်တို့အား "ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ၊ ငါသည် သင်တို့ကို စေလွှတ်၏။ ငါသည် ခမည်းတော်ပေးအပ်သောတာဝန်ကို ဤလောက၌ အဆုံးထိတိုင် ပြီးမြောက်အောင်မြင်စွာ လုပ်ဆောင်ခဲ့၏။"

ထိုနည်းတူစွာပင်

တပည့်တော်တို့ကို မိမိကဲ့သို့ ပြုကြရန် အလိုတော်ရှိသဖြင့် တာဝန်ပေးအပ်ခဲ့ပါသည်။ (ယော၊၁၇း၄၊၁၈/John 17:4,18)

ပင်တေကုတ္တေပွဲတော် နေ့၌၊ တမန်တော်များနှင့် တပည့်တော် (၁၂၀) တို့သည် အထက်ခန်း ၌စည်းဝေးနေကြစဉ်၊ ကောင်းကင်မှ လေပြင်းမုန်တိုင်းကဲ့သို့သောအသံသည် ပြည့်လျှံလာ၍ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်ပြီး တန်ခိုးကိုခံရကြသည်။

**ထိုခဏခြင်းတွင် ကွဲပြားသောလျှာတို့သည် မီးလျှာကဲ့သို့ထင်ရှား၍၊ ထိုသူအသီးသီးတို့ အပေါ်၌ တည်နေကြ၏။**

**ထိုသူအပေါင်း တို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို**

**ပေးတော်မည်သည်အတိုင်း အမျိုးမျိုးသောဘာသာစကား အားဖြင့် ဟောပြောကြ၏။**

(တ၊၂း၁–၄/Acts 2:1-4)

မြို့ရွာအသီးသီးမှရောက်ရှိနေကြသော လူအမျိုးမျိုးတို့က **" ငါတို့အား ဤသူများသည် ဘုရားသခင်၏အံ့ဘွယ်သော အမှုတို့ကို ငါတို့လူမျိုး ဘာသာစကားဖြင့် ဟောပြောကြသည်ကို ကြားရပါသည်တကား"**ဟု အချင်းချင်း ပြောဆိုကြ၏။

ထိုသို့ဟောပြောခြင်းကြောင့် တပည့်တော်များကို ရာဇဝတ်အပြစ်ရှိသူများ၊ အရူးများ၊ အရက်မူးသမားများ အဖြစ် စွပ်စွဲပြီး၊ တစ်မြို့မှ တစ်မြို့သို့ အနှင်ခံ ခဲ့ရကြသော်လည်း သူတို့က စိတ်မပျက်၊ ဝမ်းမနည်းကြတဲ့အပြင် ဘုရားသခင်၏ကျေးဇူးတော်ကို ပို၍ချီးမွမ်းဖို့ အခွင့်အရေးများ၊ ဟောပြောဖို့ အခွင့်ကောင်းများ ပေါ်လာ၍ တရားနာသောသူများ တို့သည် ယုံကြည်ခြင်းသို့ရောက်၍ ဗတ္တိဇံကို ခံယူသောလူပေါင်း (၃၀၀၀–၅၀၀၀) ခန့်ရှိ၏။

ထိုအခါမှစ၍၊ **'ရှေးဦးတပည့်တော်စုမှ ကနဦးအသင်းတော်'** ဖြစ်တည်လာသည်။

ပင်တေကုတ္တေပွဲတော်နေ့တွင် ဆင်းသက်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည် အပြစ်သားများဖြစ်ကြသော လောကသားများ အပေါ်သို့ သန့်ရှင်းမြင့်မြတ်တော်မူသော အနန္တတန်ခိုးရှင် ထာဝရဘုရားသခင်၏ သက်ဝင်လုပ်ဆောင်တော်မူ သည့်တန်ခိုးအာနိသင် ဖြစ်ပါသည်။ ကမ္ဘာဦးအစ၌၊ အဆင်းသဏ္ဌာန်မရှိ လွတ်လပ်လဟာဖြစ်နေသော ဤသက်မဲ့ကမ္ဘာကြီးကို ဘုရားသခင်၏ဝိညာဉ်တော် လှုပ်ရှားသက်ဝင်ကာ တိုးပွါးအောင် လုပ်ဆောင်တော်မူသကဲ့သို့ ယခုတွင်၊ ဒုစရိုက်အပြစ်တွင်းမှာ ပျက်စီးဆုံးရှုံးမည့် အပြစ်သားများကို ကယ်တင်ခြင်း ခံစားရရှိစေရန် လုပ်ဆောင်ပေးတော်မူသည့် အပြင် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၊ မိတ်သဟာယဖွဲ့လျက် ယုံကြည်သူများနှင့်အတူ တလုံးတဝတည်း ကပ်ကမ္ဘာကုန်ဆုံးသည် အထိ အတူ

ရှိနေတော်မူမည်။ ထို့အပြင်၊ ခပ်သိမ်းသောအရာ တို့ကို ပြသသွန်သင်၍၊ မှတ်မိသောဉာဏ်ကို ပေးတော်မူ၏။ ထိုတန်ခိုးတော်အားဖြင့် ယုံကြည်သူ တပည့်တော်များ၏စိတ်ကို နိုးကြွစေ၍ ရဲရင့်စွာ သက်သေခံကြ၏။ နမိတ်လက္ခဏာများပြုကြ၏။

**ယေရှုက၊ ငါ အမှန်အကန် ဆိုသည်ကား၊**
**ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့်မည်။**
**ထိုအမှုတို့ထက်သာ၍ ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်။**
**(ယော၊၁၄း၁၂/ John 14:12)**

တပည့်တော်တို့ ဟောပြောသော **'ထာဝရအသက်'** ဝမ်းမြောက်ဖွယ် သတင်းစကားအားဖြင့် ယခုတိုင်အောင် ခေတ်အဆက်ဆက် လူပေါင်းများစွာ၏ အသက်တာများကို ပြောင်းလဲစေခဲ့သည်။

ထို့အပြင်၊–

- နှုတ်ကပတ်တရား၊
- ဘုရားသခင်၏နိုင်ငံတော်တရား၊
- ယေရှုခရစ်ကို ယုံကြည်ခြင်းတရား၊
- နောင်တတရားနှင့်အပြစ်လွှတ်ခြင်းတရား၊
- သေခြင်းမှရှင်ပြန်ထမြောက်ခြင်းတရား၊
- ကျေးဇူးတော်နှင့် ရန်ငြိမ်းခြင်းတရား

တို့ကို ဟောပြောသက်သေခံ၍၊

- ယေရှုခရစ်တော်အကြောင်း နှင့်
- ပညတ်တော်

တို့ကို လိုက်နာရန် သွန်သင်သည်။

- မယုံကြည်သူသည် အပြစ်စီရင်ခြင်းကို ခံရမည်။
- ယုံကြည်၍ ဗတ္တိဇံကို ခံသော သူတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ကြ၏။

သခင်ယေရှုခရစ်၏ကျေးဇူးတော်၎င်း၊ ဘုရားသခင်၏မေတ္တာတော်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယတော်ကို၎င်း၊ သင်တို့အပေါင်း၌ ရှိစေသတည်း။ ... အာမင်။
(၂ကော၊ ၁၃း၁၄/2 Cor 13:14)

——————— ——————— ———————

# ကောင်းသောအကျင့်ကိုထင်ရှားစေခြင်း

**သင်သည် အလှူဒါနကိုပေးသောအခါ ပေးကြောင်းကို မထင်ရှားစေခြင်းငှာ၊ လက်ျာလက်ပြုသည်အမှုကို လက်ဝဲလက်မှုမသိစေနှင့်။ မထင်ရှားသောအရာကို မြင်တော်မူသော သင်၏အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတ္တံ့။ (မ၊၆း၃–၄)**

မမှန်မကန်လုပ်လိုစိတ်နှင့် ဒွန်တွဲ၍ အမည်မသိစေလိုစိတ်ဆန္ဒနှစ်ရပ်က လူတို့၏စိတ်၌ အမြဲရှိနေတတ်သည်။ ၎င်းစိတ်များက အတူတွဲဖက်၍ ဈေးရောင်းနေသူတစ်ဦး ကဲ့သို့ မှားယွင်းသောအလုပ်ကို ကျွန်ုပ်တို့လုပ်ပိုင်ခွင့်ရှိကြောင်း၊ ထိုသို့လုပ်လိုက်ခြင်းအတွက် ကျွန်ုပ်တို့အဖိုးအခပေးရန် မလိုကြောင်း၊ အပြိုင်အဆိုင် ဖိတ်ခေါ်ဆွဲဆောင်နေသည်။

ကျွန်ုပ်တို့လူအများသည် မကောင်းသောအမှုများ ကျူးလွန်မိုက်မှားမိလျှင် အပြစ်တင်မခံရအောင် ရှောင်လိုသည့်အကြံနှင့် မိမိအမည်မပေါ်အောင် ဖုံးကွယ်ထားလိုခြင်းသည် လူ့သဘာဝဖြစ်၏။

သို့သော် ဘုရားသခင်၏သွန်သင်မှုက တစ်မျိုးထူးခြားသည်။ ကောင်းမှုကုသိုလ်ပြုသည့်အခါ၌ မိမိအမည်မထင်ပေါ်အောင် သိုသိပ်စွာနေရန် အလိုတော်ရှိသည်။ ကောင်းသောအမှုကိုပြုချိန်တွင် အမည်မဖော်ဘဲလျှို့ဝှက်ထားရန် ထိုစိတ်သဘောက အဘယ်ကြောင့်မပြင်းပြရပါသနည်း။

သမ္မာကျမ်းစာတွင် လက်တစ်ဖက်က ပြုသည့်အမှုကို အခြားလက်တစ်ဖက်က မသိစေနှင့်ဟု ဆုံးမထားပါသည်။ တစ်နည်းဆိုသော် အသင်းတော်အတွင်း ကောင်းမှုပြုရာတွင် မိမိကိုလူများက အာရုံမစိုက်မိအောင် သိုသိပ်ရသည်။ ဤသို့ဆိုရာ၌ ကောင်းမှုတစ်ခုပြုပြီး ထိုအမှုကို ဝှက်ထားရန် မဟုတ်ပါ။ မိမိပြုသော အလှူဒါနအားဖြင့် ဘုရားသခင်၏ဘုန်းတော်နာမတော်ကို ထင်ရှားစေရန် ဆိုလိုပါသည်။ "နာမည်ယူပြီး မဏ္ဍပ်တိုင်တက်လိုသောအလှူရှင်" မဖြစ်ကြရန် သတိပေးထားသည်။

အမှုတော်မြတ်၌ပါဝင်ဆက်ကပ်သည် ဖြစ်စေ၊ အသင်းတော်တွင် သခင်ယေရှုနာမတော်မြတ်၌ကောင်းမှုပြုသည် ဖြစ်စေ၊ ပရဟိတအသင်း အဖွဲ့အစည်းတစ်ခုခုသို့ အလှူဒါနပြုသည် ဖြစ်စေ၊ ပြုသမျှသောအမှုအရာတို့ကို အသင်းသားချင်း (သို့) လူအများ၏ဂုဏ်ပြုခံရခြင်း၊ ထင်ရှားစေခြင်း၊ စသည့် လူ့အကျိုးကိုရရှိသည်ထက် သာ၍မြတ်သောကောင်းကြီးဆုလာဘ်ကို ဘုရားရှင်ထံမှ ရရှိရန် ပြုမူလုပ်ဆောင်ကြပါ။ ထိုအခါ၊ ကောင်းကင်ဘုံ၌ဘဏ္ဍာကို ဆည်းဖူးရာရောက်၏။ တပါးသူများကလည်း ကျွန်ုပ်တို့၏ကောင်းမြတ်သောအကျင့်ကောင်းမှုတို့ကို ထောက်ရှု၍ ဘုရားရှင်၏ဂုဏ်တော်ကို ချီးမွမ်းကြပါလိမ့်မည်။

**သူတပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍၊**
**ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ၊**
**သူတပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့။ (မ၊၅း၁၆)**